# K ဂျပန်ဘာသာသင်ကြားရေး

ဂျပန်ဘာသာသင်ကြားရေး ထိပ်သို့

ဂျပန်ဘာသာစကားအား သင်ယူနိုင်သည့်နေရာအဖြစ် ဂျပန်စာသင်ကျောင်း နှင့် ဂျပန်စာသင်ကျောင်း မဟုတ်သော အဖွဲ့အစည်း ဟူ၍ ယေဘုယျအားဖြင့် ခွဲခြားထားသည်။ ဂျပန်စာသင်ကျောင်းသည် ကျောင်းလခ ပေးချေရန်လိုအပ်သော်လည်း၊ ဂျပန်စာသင်ကျောင်းမဟုတ်သော ဂျပန်စာသင်တန်း များသည် အခမဲ့ သို့မဟုတ် ဂျပန်စာသင်ကျောင်း နှင့်နှိုင်းယှဉ်ပါက သက်သာသော စျေးနှုန်းဖြင့် သင်ယူနိုင်သည်။

## 1 ဂျပန်ဘာသာသင်ကြားရေး

### 1-1 ဂျပန်စာသင်ကျောင်း

တရားဝင်ကျောင်းသားအနေဖြင့် ဂျပန်စာလေ့လာလိုလျှင် ပညာတော်သင်ဗီဇာအား ရယူပြီး ဂျပန်နိုင်ငံသို့ ဝင်ရောက်ရမည်။ ဤဗီဇာအား ရရှိရန်မှာ တရားရေးဝန်ကြီးဌာနမှ သင့်လျော်သည်ဟု အသိအမှတ်ပြုထားသော ဂျပန်စာသင်ကျောင်းသို့ ကျောင်းဝင်ခွင့်ရရှိထားရမည်ဖြစ်သည်။ ဂျပန်စာသင်ကျောင်းအား ရှာဖွေရန်မှာ နိုင်ငံရပ်ခြားများရှိ ဂျပန်သံရုံး၊ကောင်စစ်ဝန်ရုံး၌ရှိသော "ဂျပန်ဘာသာသင်ကြားရေးအဖွဲ့အစည်းစာရင်း" (ဂျပန်ဘာသာ၊ အင်္ဂလိပ်ဘာသာ၊ တရုတ်ဘာသာ၊ ကိုရီးယားဘာသာ) စသည့်အထောက်အထားများကိုမှီငြမ်း၍ ကြိုက်နှစ်သက်သည့် ကျောင်းမှ ကျောင်းဝင်ခွင့်လမ်းညွှန်အားမှာကြားခြင်းနှင့် ကျောင်းဝင်ရန် ဆောင်ရွက်ခြင်းများအား ပြုလုပ်ရမည်။ ကျောင်းဝင်ရန် စာရွက်စာတမ်းကိစ္စများ ဆောင်ရွက်ပြီးစီးပါက ဂျပန်စာသင်ကျောင်း၏ ဝန်ထမ်းမှ ကိုယ်စားပြုပြီး ကျောင်းသား ဗီဇာရရှိရန် နေထိုင်ခွင့်အသိအမှတ်ပြု ထောက်ခံလွှာအား လျှောက်ထားပေးနိုင်သည်။